ဤသို့ မသိမသိုင် ဖြေသောအခါ (တိုင်းပြည်မှ နှင်ထုတ်ချင် လာအောင် စိတ်ဖြစ်ပါသော်လည်း ထိုစိတ်ကို ချုပ်တည်း၍) "တိုင်းပြည်၌ နေထိုင်သူ အားလုံး အပေါ်မှာ သာတူညီမျှ အုပ်ချုပ်နေသော ငါ့လိုမင်းတစ်ယောက်က နိုင်ငံတော်မှာနေတဲ့ ရသေ့ ရဟန်း(ပုဏ္ဏား)တစ်ယောက်ကို ခြိမ်းခြောက် နှင်ထုတ်ထိုက်တယ်လို့ စိတ်ထည်းမှာတောင် အမှတ်မထားပါဘူးလေ" ဟု စဉ်းစားမိခဲ့ပါသည်၊

ထိုသို့ စဉ်းစားကာ ပူရဏကဿပ၏ စကားကို နှစ်သက် အားရကျေနပ်သော အမူအရာသည်း မပြခဲ့ပါ၊ မနှစ်သက်သော်လည်း မကန့်ကွက်ခဲ့ပါ၊ ဒီလိုနဲ့ဘဲ စိတ်ထည်းမှာ မကျေနပ်ပါဘဲလျက် မကျေနပ်သောစကားကို တစ်ခွန်းမျှ မပြောဘဲ သူ့စကားကို အနှစ်သာရ ဟုလဲ မစွဲယူ မမှတ်ထားဘဲ (ဂုဏ်ဒြေ မပျက်) နေရာမှ ထ၍ ပြန်လာခဲ့ပါသည်။ *

ထို့နောက် မက္ခလိဂေါသာလ ဆရာကြီးထံ ချဉ်းကပ်၍ သာမညဖလကို မေးလျှောက်သောအခါ အဟေတုက ဝါဒ ဟော ပြောလိုက်ပုံကို လည်းကောင်း၊ အဇိတဆရာကြီးထံ ချဉ်းကပ်၍ မေးလျှောက်သောအခါ နတ္ထိကဝါဒ(တစ်နည်း,သတ္တဝါသေလျှင် ပြတ်တော့၏ ဟူသော ဥစ္ဆေဒဝါဒ) ဟောပြလိုက်ပုံကို လည်း

---

မှတ်ချက်။ ။* ဤအချက်ကို တိုင်းပြည် အုပ်ချုပ်သော ရာထူးရှင်တိုင်း အထူယူဖွယ် ကောင်းလှပေသည်၊
ဓမ္မအကြိုက်

စေ့ခင့်ရှေ့ကောက်သောအားဖြင့်ပွင့်ဖြတ်သော ကျွန်ုပ်ယသ်ပဋ သိလာနိုင့် ပြည့်စုံသော ထို ရဟန်းသည် (၁) အဇ္ဈတ္တ၌ (ကိုယ်တွင်း ဝိတ်၌) ကိလေသာဓာတ်တို့ ထည့်ခတ်ရခြင်း မပါ၊ (၂) လွန်စွာ တည့်ငြိမ်သော ချမ်းသာတမ်းကြီးကို ခံစားရလေသည်။

သတိသမ္ပဇညနှင့် မဟာဆုင ...."ထို့ ကို့ သို သိလနှင့်လည်းကောင်း ပြည့်စုံပုံ ရှင့်စောင့်စည်းမှုနှင့် လည်းကောင်း ပြည့်စုံ သော ရဟန်းသည် ဘယ်နည်း ဘယ်ပုံ သတိ သမ္ပဇညနှင့် ပြည့်စုံသနည်း" ဟု မေးလျှင်မြင်၊ (၁) မဟာ

---

[illegible]

(၂) [illegible]

ကြက်တို့၏၊ မြင်းတို့၏ [illegible] စသော [illegible] ကြင်း [illegible] ရောချုံ (သား[illegible]) ငှက်ကညား၊ မြွေပုံ[illegible]၏ ( [illegible] ဆောင်ကြဉ်းခြင်း ငှ ပါးနှင့် [illegible] ဖြစ်သော) သိရုဏ်းသည် ကမ္ဘာ့ဘုရားပွားများ [illegible] တိုမ်[illegible] သော ကျောင်း( [illegible]ဗုဒ္ဓနေ့) အရပ်သို့ကပ်ဝင်လေ[illegible]ကျောင်း ထိုအ[illegible]ကား—

( ၁ ) ရှားပါး အားထုတ်ဖွယ် ကောင်းသော တောရ ကျောင်း၊

( ၂ ) စေးမြဲကိုယ်စိတ်၌ အရိပ်ကောင်းသော သစ်ပင်ရင်း၊

( ၃ ) လေပြေလေညင်း တသင်းသင်း တိုက်ခတ်၍ အမျိုး [illegible] ချော်ခင်း သာယာသော တောင်ပေါ်၊

( ၄ ) တောင်ခြေ [illegible] ဖြစ်နေစေသည့် ချောက်ကြား ပြင်ကွင်း [illegible] [illegible] ငွေ[illegible] [illegible] [illegible] ပြီးဖိုနေသော သပြေပုံ [illegible] [illegible] [illegible] ကမ္ဘာနေ တိုးတက်လှသော [illegible]ကမ်းပါး၊

( ၅ ) တောင် [illegible]ပေါ်တွင် အစဉ်ဆင့် [illegible]နေသော ([illegible] ဒူး[illegible]ထားသော) ဥမင်လိုဏ်ဂူ၊

( ) [illegible] [illegible] [illegible] သင်္ချိုင်း၊

( ) [illegible] [illegible] [illegible] ဝေးသော တော [illegible]၊

ပဋမအကြိမ်

(၆) "ပစ္စည်း ၄ ပါး အပိုအမို မထားဘဲ ရသမျှနှင့် မျှတ တင်းတိမ်ဘတ်မှု" ဟူသော ပဥ္စမ အဆင့်အတန်းလည်း ဧယာဂိပုဂ္ဂိုလ်များသာ မက ပရိယတ်ဝန်ဆောင် ပုဂ္ဂိုလ်များလည်း လိုက်နာ ကျင့်သုံးရမည့် ကိုယ်ကျင့်တစ်ရပ်ပင် ဖြစ်၏၊ ဗုဒ္ဓမြတ်စွာသည် "မတ္တညူ=အတိုင်းအရှည်ပမာဏကို သိရမည်" ဟု အမြဲ ဩဝါဒ ပေးတော်မူ၏ ထိုသို့ ပမာဏကို သိရန် ပစ္စည်းလေးပါးနှင့် စပ်၍ မိမိနှင့် သင့် - မသင့်ကိုလည်း နှိုင်း၊ ချိန်တတ်ဖို့ အရေးကြီး၏၊ ဒါယကာဒါယိကာမတို့က "အလိုရှိရာ တောင်းခံတော်မူပါ" ဟု ဖိတ်မံထားစေကာမူ မိမိ အပေါ်မှာ တကယ်သဒ္ဓါ - မသဒ္ဓါကိုလည်း နားလည်ဖို့ အရေးကြီး၏၊ တကယ်ပင် သဒ္ဓါရှိစေကာမူ မိမိမှာ မရှိလျှင် မဖြစ်လောက်အောင် အသုံးကျ-မကျကိုလည်း စဉ်းစားဆင်ခြင်၏၊ ဤ အားလုံးသော ပမာဏကို သိပြီးမှသာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း စသော ပစ္စည်းများကို ခံယူစေလိုတော်မူသည်။

ဤ အဘိုင်းသာ ကျင့်သုံးကြမည် ဆိုလျှင် သာသနာတော်ဝယ် ပိုလျှံနေသော ပစ္စည်းများကို တွေ့ရတော့မည် မဟုတ်ချေ၊ ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်လည်း ရှိတော့မည် မဟုတ်ပေ၊ အပိုအလျှံထားဘဲ သုံးစွဲသောက်ရှုံကိုသာ ထား၍ ဆိုင်ရာကိစ္စ၌ ကြိုးစားနေတော်မူကြသော သံဃာတော်များကို စိတ်ကောင်းရှိသူမှန်လျှင် မည်သည့် အာသာဝင်မျှ မျက်မုန်းကျိုးကြလိမ့်မည်လည်း မထင်၊ ထိုကဲ့သို့ ဗုဒ္ဓအမိန့်တော်အရ အတိုင်းအရှည် ပမာဏကို မသိကြ၍ သာမျှ ပျော့ဘက်ကြည့်မိ

လောကီချမ်းသာ ရဖို့, ရဟန္တာဖြစ်ပုံ, ဤအလုံးစုံကို ပြတော်မူကာ သာမညဖလ=ရဟန်းပြုရခြင်း၏အကျိုးကို ဟောပြတော်မူ၍ လာရာ အဇာတသတ်မင်းလည်း အကြိမ်ကြိမ် သာဓုခေါ်လျက် နှစ်သက် ဝမ်းမြောက်စွာ ဗုဒ္ဓသာသနာတော်ကို ပုထုဇဉ်ဘဝတွင် နှိုင်းယှဉ်ဖွယ် မရှိအောင် ကြည်ညိုသွားလေသည်။

၂။ ဤ သာမညဖလသုတ္တန် မြန်မာပြန်ကို ဖတ်ရှုရသော ဆရာတော် သံဃာတော်များနှင့် သာသနာပြုလိုသော ဒါယကာ ဒါယိကာမ တို့လည်း ဗုဒ္ဓ သာသနာတော်ကို မိရိုးဖလာ ပြုစု ကိုးကွယ်နေရုံမျှဖြင့် အားရ တင်းတိမ်၍ မနေကြဘဲ "မနုဿတ္တ ဒုလ္လဘ" ဟု အသိအမှတ်ပြုအပ်သော လူ့ဘဝတွင် သာ၍ ကြိုးကြိုက်ခဲ့သော သာသနာတော်ကို ကြိုးကြိုက်ရကျိုး နပ်လေအောင် ကောင်းသည်ထက် ကောင်းအောင် သာသနာတော်ကို တည်ထောင်နိုင်ကြပါစေ။

ထိုသို့ တိုက်တွန်းအပ်ပါသည်၊ ဘုန်းကြီးတို့ တစ်စုသည် ယခုလို ဘဝ၌ စိတ်ကောင်း နှလုံးကောင်း ထား၍ သာသနာတော်ကို ပြုစု ချီးမြှောက် ထောက်ပံ့နိုင်ကြပါလျှင် သာသနာပြုစုရသော ဉာဏ် ဝီရိယနှင့် ယှဉ်သော ကုသိုလ်စေတနာတွေသည် ယခုဘဝမှာ ဖြစ်စေ, ဒုတိယဘဝမှစ၍ဖြစ်စေ, မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်လောက်အောင် ကောင်းမွန် အထောက်အပံ့ကြီး ဖြစ်နိုင်ပါပေသည်၊ ထို့ကြောင့်—

မဥပဆာကြိမ်

